**ကေအဲန်ယူ- ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

www.knuhq.com

# သတင်းထုတ်ပြန်ချက် ၃/၂၀၂၃

**၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁၁) ရက်နေ့**

၁။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ(၇)ရက်နေ့တွင် အာဏာသိမ်းစစ်ကောင်စီ ၏ လေတပ်မှ ဂျက်တိုက်လေယာဉ်ဖြင့် မူတြော် ခရိုင်၊ လူသော မြို့နယ် ခေးပူကျေးရွာအုပ်စု သေသူးခီး ကျေးရွာသို့ (၁)ကြိမ်၊ လယ်မုပလောကျေးရွာအုပ်စု ကော်ရော်ဘောထ ကျေးရွာသို့ (၁)ကြိမ် နှင့် ဒွယ်လိုးမြို့နယ်၊ နာကိုးခီးကျေးရွာအုပ်စု ထီးကော်ထာရွာသို့ (၁)ကြိမ် စုစုပေါင်း (၃)ကြိမ် ကို အပြစ်မဲ့အရပ်သားပြည်သူများကိုပစ်မှတ်ထားပြီး ရည်ရွယ်ချက်ရှိရှိ ဘာသာရေးအဆောက်အအုံ၊ စာသင်ကျောင်းများ နှင့် လူနေအဆောက်အအုံများပေါ်သို့ လာရောက်ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

၂။ အဆိုပါ ဂျက်တိုက်လေယာဉ်ဖြင့် လာရောက်ဗုံးကြဲတိုက်ခိုက်မှုများကြောင့် ကျောင်းဆရာ (၁)ဦးနှင့် ကျောင်းသား (၄)ဦး သေဆုံးခဲ့ရပြီး၊ ကျောင်းဆရာမ (၁)ဦး၊ ကျောင်းသား (၅)ဦး နှင့် ရွာသား (၁)ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။ ရည်ရွယ်ချက်ရှိရှိ လေကြောင်းတိုက်ခိုက်မှုကြောင့် စာသင်ကျောင်း (၁) ကျောင်း ၊ ကျောင်းသားဘော်ဒါဆောင် (၁)လုံး၊ ဘုရားကျောင်း (၁)ကျောင်း၊ ဝတ်ပြုဆုတောင်းရာနေရာ (၁)နေရာ နှင့် လူနေအိမ်ခြေ (၁၀) လုံး ပျက်စီးဆုံးရှုံးခဲ့သည်။

၃။ လေကြောင်းတိုက်ခိုက်မှုဖြစ်စဉ်အတွင်း ထိခိုက်ဒဏ်ရာသေဆုံးခဲ့ရခြင်းနှင့် ပျက်ဆီးဆုံးရှုံးသွားခဲ့ရသည့် လူနေအဆောက်အအုံ၊ စာသင်ကျောင်း၊ ဘော်ဒါဆောင်နှင့် ဘုရားကျောင်းဆောင်များတို့မှာ-

လူသောမြို့နယ် ခေးပူကျေးရွာအုပ်စု သေသူးခီးရွာတွင် နေထိုင်သော စောဆရေးမူး (၄၅)နှစ် မှာ ထိခိုက်ဒဏ်ရာရရှိပြီး (၁) စောဟဲမူ၊ (၂) စောလေမူ၊ (၃) စောသဝါး နှင့် (၄) စောမောင်ဘ တို့၏နေအိမ် (၄)လုံး ပျက်စီး သွားခဲ့သည်။

လူသောမြို့နယ် လယ်မုပလောကျေးရွာအုပ်စု ကော်ရော်ဘောထာရွာအတွင်းရှိ (၁)စောအယ်ကညော၊ (၂) စောကီမဲ၊ (၃) စောခါးဂေမူး၊ (၄) စောစေးပွယ်ဝါး၊ (၅) နော်ထူးနူး နှင့် (၆) စောပလာဝါး တို့၏နေအိမ် (၆)လုံး ပျက်စီးခဲ့ပြီး ဘုရားကျောင်း (၁)ကျောင်း၊ စာသင်ကျောင်း (၁)ကျောင်း နှင့် ဝတ်ပြုဆုတောင်းရာကျောင်းဆောင် (၁)ဆောင် တို့ ထိခိုက်ပျက်စီး ဆုံးရှုံးသွားခဲ့သည်။

ဒွယ်လိုးမြို့နယ်၊ နာကိုးခီးကျေးရွာအုပ်စု ထီးကော်ထာရွာတွင် ကျောင်းသူကျောင်းသားများနေထိုင်သော ဘော်ဒါဆောင်သို့ ဗုံးကြဲတိုက်ခိုက်ပစ်ခတ်ခဲ့ရာ (၁) စောဖါးဒါး(၅၆)နှစ်(ကျောင်းဆရာ)၊ (၂) စောအယ်မူလား (၁၄)နှစ် (ကျောင်းသား)၊

(၃) နော်ထီးခူဖေါ (၁၆)နှစ်(ကျောင်းသူ) နှင့် (၄)စောဘိုကြီး (၁၃)နှစ် (ကျောင်းသား) တို့ (၄) ဦးမှာ သေဆုံးခဲ့ရပြီး (၁)နော်ဖေါစေးထူး (၁၄)နှစ် (ကျောင်းသူ)၊ (၂)နော်ဒါးဝါး (၁၁)နှစ် (ကျောင်းသူ)၊ (၃)စောအယ်မူလာဝါး (၉)နှစ် (ကျောင်းသား)၊ (၄)စောအယ်နေထူး (၁၅)နှစ်(ကျောင်းသား)၊ (၅)နော်မူလာကပေါ် (၁၆)နှစ် (ကျောင်းသူ) နှင့် (၆)နော်ဒါး (၂၄)နှစ် (ကျောင်းဆရာမ)တို့မှာ ထိခိုက်ဒဏ်ရာ ရရှိခဲ့ပါသည်။

၄။ ယင်းသို့ ပြည်သူများအား အကြောင်းမဲ့ လေကြောင်းများဖြင့် တိုက်ခိုက်မှုများကို ဥပဒေမဲ့ ကျူးလွန်လျက်ရှိပြီး စစ်ရာဇဝတ်မှုများကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်လျက်ရှိသော အာဏာသိမ်းစစ်ကောင်စီကို ကမ္ဘာ့ကုလသမဂ္ဂ မှသော်လည်းကောင်း၊ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှသော်လည်းကောင်း၊ နိုင်ငံတကာ တရားရေး ယန္တယား များမှသော်လည်းကောင်း၊ ဒေသတွင်း အဖွဲ့အစည်းဖြစ်သော အာဆီယံနှင့် (ASEAN) နှင့် ၎င်းအဖွဲ့ဝင်နိုင်ငံများမှသော်လည်းကောင်း၊ နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့အစည်းများမှသော်လည်းကောင်း ပို၍ ထိရောက်လက်တွေ့ကျသော နည်းလမ်းများဖြင့် တိုးချဲ့ ပိတ်ဆို့ အရေးယူဆောင်ရွက်ကြရန် တောင်းဆိုလိုက်သည်။

၅။ ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံးအနေဖြင့် မိမိတို့၏ ပြည်သူလူထုများ၏ အသက်အိုးအိမ်စည်းစိမ် များတို့ကို ကာကွယ်ရန်အတွက် နည်းလမ်းမျိုးစုံဖြင့် ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ဗဟိုအအလုပ်အမှုဆောင်ကော်မတီ**
**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**
**ဗဟို**

ဆက်သွယ်ရန်-

- ပဒို စောတောနီး (+၆၆ ၆ ၃၀၂၀ ၂၄ ၁၁)
- ပဒိုစောကလယ်စေး (+၆၆ ၆ ၄၉၀၃ ဝ၃၄၀)